# ဒီပဲရင်း ဆရာတော်ဘုရား၏ ဩဝါဒ

မသိလျှင် မေး၊ သံသယကို စင်အောင်ဆေး၍၊ သီလကို အလေးပြု၊ သုတကျမ်းဂန်၊ အသိဉာဏ်၊ ဘယ်လိုပင်သန်သန်၊ ဘယ်လိုပင်တုပ်တုပ်၊ ဘယ်လိုပင်နုပ်နုပ်၊ လိုရင်းအချုပ်မှာ၊ အယုတ်ဆုံးအား၊ သီလဖြူစင်၊ စိတ်ကောင်းဝင်၍၊ မဂ်မျိုးသို့သွင်း၊ အသေရှင်း၊ အပါယ်လည်း ကင်းကြမှ၊ ယခုခေတ်မှာ အကောင်း ဆိုရမည်။

၁။ ဟိုတစ်နေ့တွင်သေ၍၊ လူ့ပြည်သို့ ခေတ္တရောက်၊ စိတ်နေ မမောက်စေနှင့်၊ စိတ်နေမောက်၊ အရင်းပျောက်လိမ့်မည်။

၂။ ခေတ္တနားသည်၊ ဧည့်သည်ခရီးသွား၊ အိမ်သားအထင် မလွဲစေနှင့်၊ အထင်လွဲ လဲလိမ့်မည်။

၃။ ငါဟူ၍ ငါ့ဟာဟူ၍ အစွဲအလမ်း၊ အတွယ်အခင် အမျှင်မရှုပ်စေနှင့်၊ အမျှင်ရှုပ် မြုပ်လိမ့်မည်။

၄။ အမျှင်အရှုပ်ကိုဖြုတ်၊ ရဟန်းတို့အလုပ်။

၅။ ဖြုတ်ရမည်မှာ၊ ညှီနံ့ပုပ်သည့်၊ နာမ်နှင့်ရုပ်ကို၊ ဟုတ်တုတ်တုတ်၊ ဟန်တန်တန်၊ အကောင်းမထင်၊ လက္ခဏာရေးတင်၍ ဆင်ခြင်။

၆။ မပြုတ်လျှင်အပျိုး၊ နောင်အကျိုး၊ မျိုးရမည်အမှန်။

၇။ ပါရမီမျိုး၊ အပင်ပျိုး၊ ပိုးမထိုးစေနှင့်။

၈။ ရှေးကအကြောင်း ကံကောင်းထောက်မ၍ ခုဘဝရရှိသည့် ဥစ္စာတွင် စားသမျှမစင်၊ ထားသမျှမသေခင်၊ လှူသမျှအပင်၊ အခါကောင်းတွင် လူဖြစ်ခိုက်၊ စိုက်လည်းစိုက်၊ ထားလည်းထား၊ စားလည်းစား၊ အရိုးအရင်းကို ဖယ်၍စား၊ ကျောက်ခဲကို မဝါးမိစေနှင့်။

၉။ လှူသမျှ ကိုယ်ပိုင် ကိုယ့်ဟာ၊ ထားသမျှ အများဆိုင် အများဟာ။

၁၀။ သူသူငါငါ၊ သတ္တဝါ၊ ခေတ္တနားသည့် ခရီးသွားပမာ။

၁၁။ ဓမ္မတာတရား အနိစ္စနိုင်ငံသား၊ နားရာမှ ထသွားသောအခါ ကိုယ်ပိုင်ကိုယ့်ဟာ ကိုယ့်ဥစ္စာမှ ကိုယ့်နောက်သို့ပါသည်။

၁၂။ သားမယား အများဆိုင်သည့် ကျန်ဥစ္စာမှာ ကိုယ့်နောက်သို့ မပါ၊အရာရာတွင် အမျှင်ဖြုတ်၊ သွေးမရှုပ်စေနှင့်၊ အမျှင်ရှုပ် မြုပ်တတ်သည်။

၁၃။ အတွယ်အခင်၊ အမျှင်အရှုပ်ကိုလည်း ဉာဏ်အမြော်အမြင် သန်မှ ဖြုတ်နိုင်သည်။

၁၄။ ဉာဏ်မျက်စိမွဲ၊ အမြင်နဲ့ကာ၊ အထင်လွဲ၍ လဲတတ်သည်။ သတိထားရမည်။

၁၅။ မသိလျှင်တွယ်၊ သိလျှင်ပြယ်၊ တွယ်သမျှဘေး၊ ပြယ်မှပင် အေးမည်။

၁၆။ မသိသမျှ၊ တပတ်ပတ်၊ သိမှပင် အပြီးသတ်မည်။

၁၇။ မသိက အစ၊ သိက အဆုံး၊ ကိစ္စတုံးမည်။

၁၈။ ကမ္ဘာအစ၊ တေဇောက၊ ဆင်းရဲအစ မသိမောဟက။

၁၉။ အသိဉာဏ်မနဲ့၊ ဉာဏ်မျက်စိ မမွဲရအောင်၊ ပရမတ္ထစက္ခုကျမ်းကို စွဲမြဲရမည်။

(အနာဂတဝင်ကျမ်း၊၃၄-၃၉။)